# အင်္ဂလိပ် ပြန်လာလျှင် ဗမာများ ကျွန်ထက်ဆိုးဝါးသော ကျွန်ဖြစ်မည်။

စတုတ္ထအရေးတော်ပုံ အောင်မြင်မှ ဗမာများ၊
လွတ်လပ်သည့်လူမျိုးအဖြစ်
တည်တန့်မည်။

## နိုင်ငံတော်အဓိပတိကြီး၏ မဟာဗမာ၏ မိန့်ခွန်း။



၄၁၃၀

နိုင်ငံတော်အဓိပတိကြီး။

# ဗမာ့ရုံး၍အင်္ဂလိပ်ပြန်လာခဲ့လျှင်

၁။ ။ဗမာပြည်ဟာ၊ ယခုလွတ်လပ်တဲ့အတွက်ဗမာ[illegible]ဘင်း၊ဗမာချင်း၊ ဗမာ့အစိုးရဗမာ့ဥပဒေအပြင်၊အီရာရာမှာ ဗမာလူမျိုးနှင့် ဗမာအကျိုးကိုသာ ရှေ့ထားပြီး။ အုပ်ချုပ်နေနိုင်ပြီ၊ ဤစတုတ္ထအရေးတော်ပုံတွင် အရေးနိမ့်လျှင် ဗမာခေတ်ပျက်ပြီး၊ အရင်အင်္ဂလိပ်ကျွန်ခေတ်ထက်ဆိုးတဲ့ အင်္ဂလိပ်—အမေရိကန် သဘောက်ခေတ်ပေါ်လာမည်ဆိုတာ ဒိဋ္ဌမှတ်လိုက်တော့။

၂။ ။ယခင်က ဗမာများကို အမျိုးမျိုးအဖုံဖုံ ဘေးများတွေ့စေခဲ့သော အင်္ဂလိပ်များ ဖန်တီးထားသည့်လူနည်းစု ပြဿနာကြီးသည်။ ဗမာပြည်တွင် လုံးဝမရှိတော့၊ ယခုဗမာများလက်တွင်းသို့ အချုပ်အချာလွတ်လပ်ရေး အာဏာရောက်ရှိသောကြောင့်၊ ဤပြဿနာကြီးမှာလည်း အင်္ဂလိပ်တွေနှင့်အတူ၊ တမွန်းတည့်အတွင်း ပျောက်သွားခဲ့လေပြီ။ ဗမာပြည်ကို ဗမာတွေ ယ်နိုင်ပြီ၊ အုပ်ချုပ်ပြီ၊ ထို့အပြင်ဗမာပြည်နှင့် ရှမ်းပြည်၊ကရင်နီနယ်များလည်း ပြန်၍ ပေါင်းမိပြီ။ မဟာဗမာပြည်ကြီးနှင့် မဟာဗမာလူမျိုးပေါ်လာပြီ၊ဗမာ့အားနှင့် စီးပွါး၊ဆထက်တန်ဘိုးတိုးတော့မည်၊ အကယ်၍ အင်္ဂလိပ်တွေ ပြန်လာခဲ့လျှင်ကျုပ်တို့အားလုံးသည် "နွားကွဲကျွားကိုက်" ဘဝဟောင်းကိုပြန် ရောက်လိမ့်မည်။

၃။ ။ယခုအရေးတော်ပုံမှာ အင်္ဂလိပ်နှင့် အခြားရန်သူတို့ကို နှင်ထုတ်ပြီး။ လွတ်လပ်ရေး ဗမာ့လက်တွင်းသို့ ရောက်တဲ့အတွက်၎င်းမဟာမိတ်ဖြစ်တဲ့ နိပ္ပွန်တို့၏ မြင့်မြတ်တဲ့စိတ်ထားကြောင့်ပင်။ အရင်ကနှန်သူနိုင်ငံခြားသားတွေ ဗမာကို နှစ်ပေါင်းတရာကျော် ခါးပြတိုက်ယူထားတဲ့ ရေနံတွင်းတွေ၊ ခဲမဖြူ၊ ဘော်၊ သံဖြူ၊ပတ္တမြား၊ ကျောက်စိမ်း၊ ငယင်း၊ ရွှေ၊ ငွေအစရှိတဲ့ မြေတွင်းပစ္စည်းတွေ ကျွန်း၊ ပျဉ်းကတိုး၊သစ်ရျားအင်ကြင်းအစရှိတဲ့မြေပေါ်ပစ္စည်းတွေ ကေပေါင်းဆယ်သန်းနီးနီးရှိတဲ့ ဗမာ့လယ်ယာမြေတွေ စက်မှု၊ လက်မှု၊ ကူးသန်းမှုနှင့် ပတ်သက်တဲ့ အဆောက်အအုံ၊ စက်၊ လက်၊ ကိရိ

ယာလုပ်ငန်းတွေ စုစုပေါင်း ခေတ်ဟောင်း တန်ဘိုးဖြင့်ကုဋေပေါင်း ခုနစ်ရာကျော်တန်သည့် ရန်သူနိုင်ငံခြားသားပိုင်ပစ္စည်းအားလုံးဟာ၊ ဗမာ့လက်တွင် [illegible] ဗမာပိုင်ပစ္စည်းအဖြစ်အပ်ပြီ။ ယခု လွတ်လပ်ရေးအရေးတော်ပုံတွင် ဗမာရှုံးခဲ့လျှင် ထိုပစ္စည်းအားလုံးသာမက လျော်ကြေးနှင့်တကွ ပြန်အပ်ပြီး ဆပ်ကြရမည်။

၄။ ။လွန်ခဲ့တဲ့အရေးတော်ပုံသုံးခုတွင် ရှုံးခဲ့သဖြင့်ဗမာများ ကျွန်ခံဆပ်နေရတဲ့ စစ်ကြွေးဟောင်းများကို ယခုအခါတွင် အင်္ဂလိပ်သက်အောက်မှ လွတ်မြောက်ကြသောကြောင့် လုံးဝမဆပ်ရတော့။ဗမာ့အပေါ်၌ စစ်ကြွေးဆို၍ အသစ်သော်၎င်း၊ အဟောင်းသော်၎င်း၊ တပြား တချပ်မျှမရှိ။ အင်္ဂလိပ် ကြွေးရှင်များပြန်လာနိုင်ခဲ့လျှင် ၎င်းတို့၏စစ်ကြွေးဟောင်းကိုစစ်ကြွေးသစ်နှင့် ပေါင်း၍ဗမာများဆပ်ကြရလိမ့်မည်။ ဗမာမှန်လျှင်ဆင်းရဲချမ်းသာမရွေး၊ ယခင်ကထက်ဆထက်တန်ဘိုးတိုး၍ အခွန်အကောက်ပေးပြီး ဆပ်ရကြမည်။၄င်းစစ်ကို ဗမာကနိုင်လျှင် အင်္ဂလိပ်တွေဆီက စစ်ကြွေးနှင့် လျော်ကြေးအမျိုးမျိုး တောင်းနိုင်မည်။ ယခင်ကဗမာများ ၎င်းတို့ကိုပေးခဲ့ရတဲ့ စစ်ကြွေးများကို၎င်း၊ ဒီစစ်မှာ ဗမာ့ပစ္စည်းများကို ဖျက်ဆီးသည့်အတွက်လျော်ကြေးများကို၎င်းပြန်၍ရနိုင်မည်။

၅။ ။အင်္ဂလိပ်ရှိစဉ်က၊ ဗမာတွေ၏စားဦးစားဖျား အွမ်းတော်တင်ရသည့်အနေနှင့် အင်္ဂလိပ်အရာရှိအမျိုးမျိုးကို အငှမ်းစားရိက္ခာ အမြောက်အများ၊ လခကြီးများ၊ ပြည်တော်ပြန်စရိတ်၊ ပင်လယ်ကူးစရိတ်၊ မြို့နေစရိတ်၊ လမ်းသွားစရိတ်၊ ဟိုစရိတ်၊ ဒီစရိတ်၊ ကုဋေပေါင်းများစွာသော စရိတ်အမျိုးမျိုးကို သင်းတို့တောင်းသလောက်ပေးခဲ့ကြရသည်။ ယခုဗမာများ လွတ်လပ်သောကြောင့် သင်းတို့အား တပြားတချပ်မျှမပေးရတော့၊ အခြားမည်သူ့အားမျှလဲမပေးရတော့။

၆။ ။ယခုလွတ်လပ်သည့်အတွက်အင်္ဂလိပ်နှင့်ရန်သူနိုင်ငံခြားသားများ ယခင်က လက်ဝါးကြီးအုပ်ထားခဲ့သော စီးပွါးရေး၊ ကုန်သည်ရေး၊ ငွေဝင်ရေးအဝဝတို့သည်။ ဗမာများလက်ခံ လုပ်ကိုင်နိုင်သလောက်ဗမာ့လက်တွင်းသို့ရောက်နေပြီ။ ယို့ထက်တိုး၍ လက်ခံနိုင်ရန်ကိုလဲအခွင့်အရေးအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ အမတော်ကြေးအမျိုးမျိုး၊ စီမံကိန်းအမျိုးမျိုးနှင့် လက်ငင်း

အားပေးနေပြီ။ ယခုတိုက်ပွဲကြီးမှာ ဗမာသာ ရှုံး၍ အင်္ဂလိပ်ပြန်လာနိုင်လျှင် ဗမာကုန်သည်၊ ပွဲစား၊ အလုပ်သမား အမျိုးမျိုး တို့သည်။ ထီးထမ်းလှမ်း လျှောက်ဘာဝသို့ပြန်ရောက်ကြရမည်။

၇။ ။ယခုဗမာများ လွတ်လပ်သောကြောင့်၊ ဝင်ငွေကောင်းသော အလုပ်အကိုင်များပေါများပြီး။ ဗမာ့လက်ဖျားတွင် ငွေသီး၍ နေသည်။ ဗမာ့ အတန်းအစား အမျိုးမျိုးတို့အဘို့၊ အလုပ်အကိုင်များလဲ ပေါများနေပြီ။ စစ်ရှုံး၍ အင်္ဂလိပ်ပြန်လာနိုင်လျှင်အရှေ့အာရှလူမျိုး၏ သစ္စာကိုဖေါက်ပြီး အင်္ဂလိပ်ဘက်မှ ကူညီနေကြသောမျိုးဖျက်ကုလားနှင့် တရုပ်အလုပ်သမားများ၊ ငွေရှာသမားများ၊ ဗမာပြည်တွင်းသို့ညှိပွဲ့ပြီး အင်္ဂလိပ်နဲ့ တပါတဲဝင်လာကြလိမ့်မည်။ ထိုအခါအရင်ခေတ်နှင့်မနှိုင်းယှဉ်သာအောင်ပိုမိုဆိုးဝါးမည်။

၈။ ။အစိုးရရာထူးဌာနန္တရများနှင့် ပတ်သက်သောအရေးတွင်လဲ၊ အင်္ဂလိပ်ပြန်လာနိုင်လျှင် မြော်လင့်စရာမရှိ။ ဗမာများကို ဘယ်နည်းမျှ တာဝန်ရှိသော အထက်တန်း ရာထူးများကို အပ်နှင်းတော့မည်မဟုတ် ဗမာဆိုလျှင် ဘယ်တော့မျှ ယုံမည်မဟုတ်ကြောင်း ထင်ရှားသည်မှာ အင်္ဂလိပ် အစိုးရ၏ အာဘော်ဖြစ်သော လန်ဒန်တိုင်းသတင်းစာတွင် ဗမာများကို အမျိုးလိုက် မယုံရန်နှင့် ဗမာများသည် သစ္စာဖေါက်သောသူခိုး၊ ဓါးပြများဖြစ်ကြောင်းနှင့် အတည့်အလင်း ရေးသားထားသည်။ ထို့အပြင်ဗမာပြည်နောက်ဆုံး အင်္ဂလိပ်ဘုရင်ခံ ဒေါမန်စမစ်ကလည်း အင်္ဂလိပ်ပြန်လာနိုင်လျှင် ဗမာ့ပြည်တွင် အလုပ်ပေးရန်အင်္ဂလိပ်နှင့် သူတို့၏နောက်လိုက်နောက်ပါ ကုလားပျက်၊ တရုပ်ပျက်၊ အခြား လူမျိုးပျက်အမျိုးမျိုးထံမှ လျှောက်လွှာများကို တောင်းခံနေသည်။

၉။ ။ကုလားပြည်တွင်လည်း အင်္ဂလိပ်နောက်လိုက် ရန်သူ့ကုန်သည် အမျိုးမျိုးနှင့်အစည်းအဝေးလုပ်၍ အကြံအမျိုးမျိုးထုတ်နေကြသည်။ ၎င်းတို့ ထုတ်နေကြသော အကြံများအနက် တခုမှာ အင်္ဂလိပ် ထွက်ပြေးရစဉ်အခါ က သင်းတို့ဘက် ပါသဖြင့် အသက်စည်းစိမ် ဆုံးရှုံး ခံကြရသော ရန်သူ့ နိုင်ငံခြားသားများကို ကြေနပ်အောင် ဗမာများက လျော်ကြေး ပေးရန်၎င်း၊ ၎င်းတို့ပိုင် ပစ္စည်းများကို သိမ်းယူ ဖျက်ဆီးခြင်းအတွက်လည်း ဗမာများ ကပင် လျော်ကြေးပေးရန်၎င်း၊ ဗမာပိုင်ပစ္စည်းဖြင့် ပြေကြေအောင် မပေး

နိုင်လျှင် ဗမာများရာသက်ပန် မှတ်သွားစေရန် ဗမာဘုရားပုထိုးများမှ စိန်ရွှေရတနာတို့ကို သိမ်းယူ၍ လျော်ကြေးပေးစေရန်ပင်ဖြစ်သည်။

၁၀။ ။ယခုလွတ်လပ်သော ဗမာပြည်နှင့် လွတ်လပ်သော အရှေ့အာရှပြည်များတွင် ရန်သူမျက်နှာဖြူက၊ ဗမာအာရှ မျက်နှာညို၊ မျက်နှာဝါတို့ကို မော်၍ မကြည့်ရဲတဲ့ ခေတ်ဖြစ်နေ၏။ အကယ်၍အင်္ဂလိပ်များပြန်လာခဲ့လျှင်ယခင်ခေတ်ဟောင်းကကဲ့သို့ မျက်နှာဖြူ အောက်ကို မျက်နှာညို၊မျက်နှာဝါများပြန်ရောက်မည်။ကိုယ့်အိမ်မှာ ကိုယ်ကျွန်ပြန်ဖြစ်မည်။

၁၁။ ။လယ်သမားများ ဘက်က ပြောရမည် ဆိုရင် ယခုအခါ ဗမာများလွတ်လပ်၍ အချုပ်အချာ အာဏာပိုင်နိုင်ငံဖြစ်သောကြောင့်၊ အင်္ဂလိပ်နှင့် ရန်သူနိုင်ငံခြားသားများ ပိုင်ခဲ့သော လယ်ယာမြေကေ သန်းပေါင်းအမြောက်အများသည် ဗမာအစိုးရ၏လက်သို့ ပြန်ရောက်ပြီ။ ထို့ကြောင့် ဗမာလယ်သမားများလက်မှ ယနေ့ထိ လွှတ်လိုက်ကြရသော မြေများလည်း ဗမာ့လက်တွင်းသို့သက်သာ ချောင်ချိစွာဖြင့် ပြန်လည်ရောက်ရှိရန်လမ်းပွင့်နေပြီ။ တောင်သူ လယ်သမားများကို သားစဉ်မြေးဆက် အမွေး မပေါက်အောင် ဒုက္ခပေးခဲ့လော အကြွေးများကိုလည်း တာဝန်မလေးဘဲ ငွေရေးပေါ့ပေါ့နှင့် ဆပ်ပေးနိုင်ရန် ဗမာအစိုးရက စီမံချက်ရှိနေပြီ။ လယ်သမားများကို အမတော်ကြေးအမြောက်အများပေး၍ ဆန်စပါးသာလျှင်မဟုတ် အခြားအသီးအနှံအမျိုးမျိုးကို တနှစ်ပတ်လုံးစိုက်ပျိုးပြီး။ ဈေးကောင်းကောင်းနှင့် ရောင်းနိုင်ရန်လက်ငင်းစီမံချက်ရှိနေပြီ၊ ဗမာအစိုးရကရန်သူပိုင်ပစ္စည်းအဖြစ်သိမ်းဗိုက်ထားသော လယ်ယာမြေများနှင့် အခြားနည်းသိမ်းယူမည့်လယ်မြေများကိုအခြေထား၍တောင်သူလယ်သမားတို့ကို မြေဝေငှရန်စီမံထားပြီးဖြစ်သည့်သာမက၊ ထိုကိစ္စအတွက် အရာရှိများခန့်ထား၍၊ စာရင်းအင်းများစတင်ကောက်ယူနေပြီ။ အင်္ဂလိပ်ပြန်လာနိုင်လျှင် တောင်သူ လယ်သမားအားလုံးဗမာ့အခွင့်အရေးဆုံးရှုံး၍ ကြွေးထူ၊ကျောမွဲ၊မြေမဲ့၊ ယာမဲ့၊ အရှင်ဘဝထက်ဆိုးသောဘဝကိုမုချပြန်ရမည်။

၁၂။ ။သာသနာရေးမှာဆိုလျှင်လည်း၊ရှေးဗမာမင်းကောင်း မင်းမြတ်များလက်ထက်ကကဲ့သို့ ယခုမျက်မှောက်တွင်ပင် သာသနာရောင်ထွန်းကားလာပြီ။ဗမာပြည်တွင်သာမကဂျပန်ပြည်သို့တိုင်အောင်၊ သာသနာရောင်ထွန်း

ပြောင်နေပြီ။ သင်္ဃာတော်များလည်း ဂိုဏ်းဂဏမရွေး စည်းလုံးညီညွတ်နေကြပြီ။ သာသနာရေးကိုအဓိပတိကစပြီး၊ ဗမာအစိုးရတခုလုံးက ဦးထိပ်ထွက်ထားပြီး အားပေးသာသနာပြုနေပြီ။ အင်္ဂလိပ်သာပြန်လာနိုင်လျှင် သာသနာတော်ကြီးသည်၊ အချင်ခေတ်ကကဲ့သို့ ဘယ်ပုံဘယ်ဖြစ်ပြီး၊ အမျိုးမျိုးစော်ကားခြင်းကိုခံရမည်။ အင်္ဂလိပ်သာသနာသည် ထိပ်တန်းသို့ပြန်ရောက်မည်။ သင်္ဃာတော်များကို ထူးခြားစွာစိတ်နာ၍၊သတ်ဖြတ်ပြီး၊ ကျောင်းကန်ဘုရားအမျိုးမျိုးကိုဖုံးကြဲ မီးရှို့ဖျက်ဆီးသွားသော အင်္ဂလိပ်သည်၊ သာသနာတော်ကြီးကို ဘယ်ကဲ့သို့သဘောထားမည်ဆိုတာ စဉ်းစားကြည့်ကသိနိုင်သည်။

၁၃။ ။ဆက်၍ဗမာ့ဘာသာစကားအကြောင်းပြောဦးမည်။ယခုအခါဗမာ့ခေတ်လုံးဝဖြစ်သဖြင့် ဗမာစကားလည်း အထွဋ်အထိပ်သို့ရောက်နေပြီ။ရုံးသုံး၊အစိုးရသုံး၊ အထက်တန်း၊ အောက်တန်းအားလုံးကိစ္စတွင် ဗမာစကားကိုသုံးရန် ဗမာအစိုးရက ဥပဒေနှင့် ပြဋ္ဌာန်းထားပြီ။ ဗမာဘာသာနှင့်ပညာအမျိုးမျိုး ကို ဆည်းပူး နိုင်ရန် ကိုလည်း လက်ငင်းစီမံနေပြီ။ ဗမာ့ပညာကိုလည်း ထိပ်တန်းသို့မြှင့်တင်လိုက်ပြီ။ ဘယ်ခေတ်ကမျှမကြုံဘူးအောင်၊ ဗမာပညာတော်သင်များကိုလည်း၊ နိုင်ငံခြားသို့ ပညာဆည်းပူးရန် ပို့လွှတ်ခဲ့ပြီ။ အင်္ဂလိပ်ပြန်လာလျှင် ခေတ်ဟောင်းအတိုင်း နေရာတကာမှာ အင်္ဂလိပ် ဘာသာကိုသာလျှင် ထိပ်တန်းသို့တင်ပြီး၊ ဗမာဘာသာပညာ အခွင့်အရေးအားလုံးပြန်၍တိမ်ကောမည်။

၁၄။ ။ယခုဗမာနိုင်ငံမှာအခြား လွတ်လပ်တဲ့နိုင်ငံများနဲ့ တန်းတူကိုယ်ပိုင်စစ်ဘပ်၊ စစ်သက်နက်၊စစ်ကျောင်း၊ စစ်ပညာများရှိလာပြီ၊မျှားမကြာမီဗမာ့လေတပ်၊ရေတပ်ကြီးများ ပေါ်ပေါက်လာတော့မည်။ အင်္ဂလိပ်သာပြန်လာနိုင်လျှင်၊ ဗမာ့တပ်မတော်ပျက်ပြီး၊ အရင်ကအတိုင်း လက်နက်မဲ့ ဘဝပြန်ရောက်မည်။

၁၅။ ။ယခုအရေးတော်ပုံကြီးတွင် ဗမာ့လွတ်လပ်ရေး၊ စစ်ရေး၊ခေတ်ရေးအမျိုးမျိုးကို၊စွန့်စားဆောင်ရွက် ခဲ့ကြသော သူများသည်၊ ယခုအခါတွင်ရသင့်ရထိုက်သည့်တာဝန်၊ အခွင့်အရေးများကိုရ၍၊ ဗမာ့အကျိုးကိုအစွမ်းကုန်ဆောင်ရွက် နေကြသည်။ ဗမာ့သွေး၊ ချွေးနှင့်ရာဇဝင်သစ်ကို ရေးနေကြသည်။အင်္ဂလိပ်ပြန်လာနိုင်လျှင် ထိုသူတို့သည်စက်တိုင်နှင့်တကျွန်းတခုခု

သို့ သွားကြရမည်။ နိုင်ငံရေး၊ စစ်ရေး၊ ခေတ်ရေးအားလုံးလည်းတိမ်ကော ပပျောက်သွားမည်။ ဗမာတမျိုးလုံးလည်း ရာဇဝတ်ကောင်နှင့်သူပုန်စာရင်း သွင်းသွင်းခြင်းခံရမည်။

၁၆။ ။ကဲ အခုလွတ်လပ်တဲ့ အချုပ်အချာ အာဏာပိုင် နိုင်ငံတော်ဖြစ်တဲ့အတွက် ဗမာနိုင်ငံရဲ့ကမ္ဘာ့အဆင့်အတန်းရောက်ပုံကိုပြောဦးမည်။ ဗမာနိုင်ငံမှာ ယခုနိုင်ငံခြား သံအမတ်ကြီးများရှိလာပြီ။ နိုင်ငံခြားမှာလဲဗမာသံအမတ်ကြီးရှိပြီ။ လွတ်လပ်တဲ့ နိုင်ငံအချင်းချင်း ဂုဏ်တူ၊ အဆင့်အတန်းတူ၊ ဆက်ဆံကူးလူးနေတာကိုလဲဗမာအားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်ပြီ၊ ဗမာနိုင်ငံတော်သည် အခြားနိုင်ငံ၊ ဂျာမဏီ၊ အီတလီ၊ မန်ချူကိုး၊ တရုပ်၊ ယိုးဒယား၊ ဖိလိပိုင်၊ ကရိုးရှား အစရှိတဲ့ကမ္ဘာ့အရှေ့အနောက် လွတ်လပ်တဲ့နိုင်ငံများနဲ့ သဝဏ်လွှာပါးပြီ။ လွတ်လပ်တဲ့ ဂုဏ်ကြက်သရေနှင့် ပြည့်စုံနေပြီ။ ဗမာနိုင်ငံတော်က အခြားမဟာမိတ်နိုင်ငံတော်များသို့ ရှေးဗမာမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာအတိုင်း အထူးသံတမန်အဖွဲ့ကြီးများ ဖွဲ့စည်း၍ကူးလူးဆက်ဆံနေခဲ့နိုင်ပြီ။ဗမာလူမျိုးများလည်း သွားလေရာရာ နိုင်ငံခြားတိုင်းပြည်များ၌ လွတ်လပ်တဲ့လူမျိုး အဆင့်အတန်း မျက်နှာပန်းပွင့်၍ လွတ်လပ်တဲ့လူမျိုးအဖြစ် ပြုစုဆက်ဆံခြင်းကို လက်တွေ့ခံစားနေကြရလေပြီ။ အင်္ဂလိပ်ပြန်လာနိုင်လျှင် ကမ္ဘာ့မျက်မှောက်မှာ ဗမာများ ရှက်ဘွယ်လိလိကျွန်လူမျိုးစာရင်းပြန်လည်သွတ်သွင်းခြင်းခံရမည်။

၁၇။ ။နောက်ဆုံးအချက်အနေနှင့်ခြုံ၍ ပြောလိုတာက၊ယခုလွတ်လပ်တဲ့ဗမာပြည်တွင် ဆောင်ရွက်နေသောအလုပ်အမျိုးမျိုးအကြောင်းဖြစ်သည်၊ ၁ နှစ်။ ၂ နှစ် အတွင်းမှာ ဗမာပြည်ကြီးကိုအင်္ဂလိပ်ထားခဲ့တဲ့ လောင်စာနှင့်ပြာပုံအကြားက ဆယ်ယူပြီး လွတ်လပ်သောအချုပ်အချာ အာဏာပိုင်တိုင်းပြည်နှင့် လူမျိုးကိုကမ္ဘာကျော်အောင် ထူထောင်လိုက်တယ်ဆိုတာအားလုံးမြင်ကြတဲ့အတိုင်းဘဲ လျှပ်စစ်စီမံကိန်းအမျိုးမျိုးနှင့်ဗမာ့လုံခြုံရေး။စီးပွါးရေး၊ ကျန်းမာရေး၊ ပညာရေး၊ဘာသာသာသနာရေးအမျိုးမျိုးအဖုံဖုံကိုလက်ငင်းဆောင်ရွက်ရှိနေသည်။ ထို့အပြင်ဗမာက၊ ဗမာ့ငွေကို သုံးနိုင်သည့်အာဏာရှိသောကြောင့်၊အရာရာမှာစိတ်ကျေနပ်နိုင်သမျှကျေနပ်အောင်လုပ်ပြီး။ အမိပတိတစ်၍အထက်တန်းအရာရှိအားလုံးတို့သည်။ စားလောက်ရုံ လခများကိုသာ

ယူ၍ လက်အောက်အမှုထမ်းများကို လခပေးထားသည်။ ဗမာ့ကယ်ဆ ကောက်ပွဲရေးနှင့် အလှူအတန်း အမျိုးမျိုးကိုလည်း၊ ဗမာ့အကျိုးနှင့်ဆန့် သာရှေ့ထား၍ဆောင်ရွက်နေသည်။ကမ္ဘာတခုလုံး စစ်မီးဟုန်းဟုန်းတော နေသည့်အတွင်းမှာ၊ ဗမာများသည်။ အခြားတိုင်းသားများထက် အစ သောက်လုံလောက်ချောင်ချိရန်ငှာ၊ လုံခြုံရန်ငှာ။ လွတ်လပ်ရန်ငှာ၊ မဖြ နိုင်သေးသောက်အောင်များပြားတဲ့အခက်အခဲများကိုကျော်လွန်နိုင်ရန် လွတ်လ တဲ့အချုပ်အချာ ဗမာ့အာဏာကိုသုံးပြီးဆောင်ရွက်ခဲ့ပြီ။ ဤကိစ္စနှင့်ပတ်သက် ပြီးပြောရလျှင် ရာဇဝင်မဆုံးနိုင်လောက်အောင် ပြောစရာများ ရှိသော်လည်း အရေးမပြီးသေးသဖြင့်မပြောသေး။

## ဒါ့ကြောင့်လွတ်လပ်ရေးသည် ဗမာတိုင်း၏ ကိုယ်ရေး။

ကဲ လွတ်လပ်ရေးအမြတ်အရှုံးစာရင်းဟာဒါဘဲ။ ဒါ ကိုကြည့်ပြီး လွတ်လပ်ရေးဆိုတာ၊ ဗမာတိုင်းရဲ့ကိုယ်ရေး ဖြစ်တဲ့ အကြောင်းကို ကောင်းကောင်းကြီး သိကြပေ တော့။စတုတ္ထ လွတ်လပ်ရေးတိုက်ပွဲကြီးမှာ၊မြတ်လျှင်လဲ ဗမာ့အဘို့ရွေထီးဘဲ၊ ရှုံးလျှင်လဲမြေကြီးဘဲ။